M06/1/A1BUR/SP1/BUR/TZ0/XX

22060043

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Monday 22 May 2006 (morning)
Lundi 22 mai 2006 (matin)
Lunes 22 de mayo de 2006 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.

အောက်ပါကောက်နုတ်ချက်များမှ ***တစ်ခု*** ရွေး၍ ဝေဖန်ချက်ရေးပါ။

1(a)

## ပိတောက် ၅၆

နံနက်ကလျှင်
အိပ်ရာမှထ၊ ငါ့စိတ်လှုပ်ရှား
ပိတောက်များပွင့်နေ၏။

မနှစ်တုန်းကား
ငါ့မွေးနေ့ည၊ မိုးကြီးရွာချ
နွေယခုနှစ်၊ ပိတောက်ပွင့်သစ်
မှတ်မှတ်ရရ၊ အိမ်ရှေ့မှ
ကောင်မလေးက
"ဦးလေးအတွက်ပါ" တဲ့။

ရင်ထဲ၌မူ
သူမအရွယ်တုန်းက
ရေကစားခဲ့နေ့၊ ပိတောက်နေ့ကို
အိုမင်းယခု၊ ပြန်လုချင်သလို
မွေးနေ့ကို ဖြတ်သန်း
စံပယ်ပန်းများ ထုံနေ၏။

အမှန်မှာကား
ဘာမှမဟုတ်၊ အလှကိုချစ်
ပို့မြစ်သူမ၊ တူမအရွယ်
မော်ဒယ်ဂဲလ်ကား
ငါ့အားလှုပ်နှိုးလိုက်လို့။

အဖော်မရှိ
သားမရှိ၊ သမီးမရှိ
ငါ၏ဘဝ၊ ၅၆ လှေကားမှ
ရေမွှေးနံ့ကို
ငါလန့်သွားခြင်းလော။

ဒါကြောင့်ထင်သည်
အသက် ၅၆ နှစ်၊ အနာဂတ်ကား
စိမ်းဖတ်ဝါသစ်၊ ပိတောက်ဖြစ်သည်
ပွင့်သစ်ကိုကြည့်၊ ငါ၏လှေကား
နွေ ၅၆၊ လှေ ၅၆
ရေ ၅၆၊ ပိတောက် ၅၆
အားလုံးလှကြ ပကြစေတကား။

(သခွပ်နီ၊ ပိတောက် ၅၆၊ မဟေသီ၊ အမှတ် ၁၉၆၊ ဧပြီလ ၂၀၀၁ ခုနှစ်၊ စာမျက်နှာ ၁၁)

– ကဗျာအကြောင်းအရာကို ဖော်ပြရာတွင် ကဗျာခေါင်းစဉ်ပါ "ပိတောက်"၏ ကဏ္ဍကို ဆွေးနွေးပါ။

– ကဗျာဆရာ၏ ပုံရိပ်များ အသုံးပြုပုံကို ဝေဖန်ဆွေးနွေးပါ။

– စာဆို၏ စိတ်အခြေအနေနှင့် ခံစားချက်များကို စာဖတ်သူများသိရန် မည်သို့တင်ပြထားသနည်း။

– ကဗျာတပုဒ်လုံးအတွက် နောက်ဆုံးစာပိုဒ်၏ အရေးပါပုံကို ဆွေးနွေးပါ။

1(b)

စံပယ်ပန်းတွေ သီနေတဲ့ အမေနားမှာ ထိုင်ရင်း ရွာဦးကျောင်းက သီချင်းဖွင့်သံကို မောင်တိုး ကြားတယ်။ သီချင်းသံကြားမှ မနက်က မောင်ထွန်းပြောတဲ့ စကားတွေကို ပြန်သတိရတယ်။

"မနက်ကျ ရွာဦးကျောင်းမှာ အလှူ ရှိတယ်ကွ။ ရှင်လောင်းလည်း လှည့်လိမ့်မယ်။ ထမင်းကျွေးမှာကွ။ မင်းလိုက်ခဲ့ပါလား။" ဆိုတဲ့ မောင်ထွန်းစကားတွေကို ပြန်ကြားလိုက်မိတယ်။

"မေမေ"

"ဟေ ...၊ ဘာလဲသား၊ အိပ်ချင်ပြီလား။ သွားအိပ်ချေတော့လေ။"

"အိပ်ချင်သေးပါဘူး မေမေရာ။ သားမေးစရာရှိလို့ပါ။"

"မေးလေ သား၊ ဘာမေးစရာ ရှိလို့လဲ။"

"သားကို ရှင်ပြုပေးမယ်ဆို"

"အေးလေသား၊ ပြုပေးမှာပေါ့။ သားဖေဖေ ပြန်လာခါနီးပါပြီ။ ဖေဖေပြန်လာရင် သားကို ရှင်ပြုပေးမှာပေါ့"

ရှင်ပြုပေးမယ်လို့ ရှစ်ကြိမ်မြောက် ပြောခြင်းဖြစ်တယ်ဆိုတာ မောင်တိုး ကောင်းကောင်း မှတ်မိတယ်။ ဟိုတစ်ခါတုန်းကလည်း ဘဝမှာ တစ်ခါမျှ မရေတွက်ခဲ့ဖူးတဲ့ သက္ကရာဇ်တွေနဲ့ သူ့အသက်ကိုလည်း ဒီလို စံပယ်တွေ သီနေတုန်းမှာပဲ မေမေက သူ့ ဦးနှောက်ထဲ ထည့်ပေးတယ်။ သားအသက်တောင် ကိုးနှစ် ရှိပြီတဲ့။

အခုတော့ စံပယ်တွေ ဘယ်နှစ်ခါ ပွင့်ခဲ့ပြီလဲ။ မေမေလည်း စံပယ်ပန်းတွေ သီတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ သူမသိတော့။ မသိတာတွေ ဘဝမှာ များလာခဲ့ပြီဆိုတာပဲ ကျိန်းသေခဲ့တယ်လို့ သူတွေးမိတယ်။

"ဟဲ့--ဟဲ့--- ဘာလုပ်တာလဲ။ မကျွေးသေးဘူးဟဲ့။ ရှင်လောင်းတွေ ပြန်လာမှ ကျွေးမှာ။ သွားကြသွားကြ ... သွားသွား ..."

အော်လွှတ်နေတဲ့ ရွာထဲက ဒေါ်မြအသံကြားမှ အတင်းပြေးဝင်လာတာကို သတိရပြီး ကိုယ့်ရှိန်သတ်လိုက်မိတယ်။ တကယ်တော့ ဒီလိုအလှူမျိုး တစ်ခါမှ မသွားဖူးခဲ့။ ဒီနေ့မှ သူ့အမေက ဈေးပြန်နောက်ကျနေသည်။ အခုချိန်ထိ မပြန်သေးဘူး။ ညီမလေးက ထမင်းဆာလာပြီဟု ခဏခဏ ပြောနေသည်။ သူဘာလုပ်ရမလဲ စဉ်းစားတုန်း မောင်ထွန်းရောက်လာပြီး အလှူသွားဖို့ ပြောသည်။ အပိုပါလာသည့် ကျွတ်ကျွတ်အိတ်ကို သူ့ကို ပေးသည်။

ရှင်လောင်းတွေ ပြန်လာမှ ကျွေးမယ်ဟု ပြောတဲ့ ဒေါ်မြအသံကို ပြန်ကြားသည်။ မပြန်ဘူးဟူ တွေးပြီး တစ်နေရာမှနေဖို့ သူတွေးလိုက်စဉ် စောစောက သူ့ကို အော်လွှတ်တဲ့ ဒေါ်မြဟာ အိတ်တွေနဲ့ထည့်ထားတဲ့ ဟင်းတွေ၊ ထမင်းတွေ သူ့သမီးကို လှမ်းပေးနေတာကို သူတွေ့လိုက်သည်။ သူ့ ကျောင်းရှေ့ ကုက္ကိုပင်ကြီးအောက်မှာ ထိုင်ချလိုက်သည်။

ကောင်းလိုက်တဲ့ဟင်းတွေ။ အတုံးကလည်း အကြီးကြီးတွေပဲ။ ဆန်ကလည်း ကောင်းလိုက်တာ။ ဟင်းရည်တွေကစ ဘာကောင်းသလဲ မမေးနဲ့။ မောင်တိုး လူလစ်ကို ကြည့်ပြီး ထမင်းတွေရော၊ ဟင်းတွေပါ အိတ်ထဲကို ထည့်လိုက်သည်။

"ဟိတ်...ဒါတွေ ဘာလုပ်တာလဲ။ အလှူဆိုတာ အလှူမှာပဲ စားရတယ်။ အိမ်မသယ်ရဘူး။ ပေးစမ်း။"

"မပေးဘူးဗျာ၊ မပေးဘူး။ ခင်ဗျားလည်း အိမ်ကိုပေးတာပဲ။ ကျုပ်မြင်သားပဲ။"

ဒေါ်မြက အတင်းလုတယ်။ သူကလည်း ပြန်လုတယ်။ သူ့ ပါးစပ်မှလည်း အတင်းအော်တယ်။

"မပေးဘူးဗျာ၊ မပေးဘူး။"

သူ လန့်နိုးသွားတယ်။ နိုးနိုးချင်း ဟိုဝေးဝေးက လွင့်လာတဲ့ ဆိုင်းသံကို ကြားလိုက်တယ်။ ရှင်လောင်းတွေ ပြန်လာခဲ့ပြီကိုး။ ခါးကြားက ကျွတ်ကျွတ်အိတ်ကို ပြန်စမ်းတယ်။ ရှိတယ်။ ဒါပေမဲ့ အထဲမှာ ဘာမှမရှိဘူး။ သူ ပြုံးလိုက်မိတယ်။ စောစောက အဖြစ်တွေက အိပ်မက်တွေပဲဟု တွေးပြီး ဒေါ်မြက အိပ်မက်ထဲအထိ နှောင့်ယှက်ပါလားဟု တွေးလိုက်မိသည်။ သူ ရှင်လောင်းတွေ အပြန်ကို စောင့်ရင်း ကျောင်းရှေ့ ကုက္ကိုပင်အောက်မှာ အိပ်ပျော်သွားခြင်း ဖြစ်၏။

ရှင်လောင်းတွေ ကျောင်းနဲ့ နီးလာပြီး ဗီဒီယိုရိုက်သည့် လူက ကျောင်းရှေ့ မုခ်ပေါက်က ဆီးပြီးရိုက်သည်။ ရိုက်ချက်က စုံသည်။ ဆိုင်းတွေကလည်း ကျောင်းနဲ့ နီးလာတော့ ပိုမြိုင်လာသည်။ လူတွေကလည်း ပိုပျော်လာသလားဟု သူထင်သည်။

ကျွတ်ကျွတ်အိတ်ကို သေချာကိုင်ပြီး ဒိုးပတ်တီးနေသည့် ဝိုင်းထဲကို သူဝင်လိုက်သည်။ သူ့မျက်လုံးကလည်း ပြစ်တင်ရှုတ်ချတဲ့ လူတွေရဲ့ မျက်လုံးတွေကို မကြည့်တော့ဘူး။ သူကြည့်နေတာက ဒိုးပတ်ဝိုင်းထဲမှာ ရှိတဲ့လူတွေရဲ့ ခြေထောက်များကိုပဲ ဖြစ်တယ်။ တကယ်လည်း ခြေထောက်တွေရဲ့ ဦးတည်ရာအရပ်ကို သူသိနေသည်ပဲ။ သူ့မျက်လုံးကလည်း အဲဒီခြေထောက်များစွာနဲ့ အတူ ....။

(မောင်ဖုဏ်းနွယ်(ပြည်)၊ ခြေထောက်များ၊ ရွှေအမြုတေ၊ အမှတ် ၁၃၀၊ စာမျက်နှာ ၁၇၅၊ စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ်)

– စာရေးဆရာက အဓိကဇာတ်ကောင်ဖြစ်သူမောင်တိုးကို သရုပ်ဖော်ထားပုံကို ဝေဖန်ဆွေးနွေးပါ။

– ဤစာပုဒ်တွင် စာရေးဆရာက အိပ်မက်များအသုံးပြုခြင်းအားဖြင့် မည်သည့်သက်ရောက်မှုများ ရရှိသနည်း။

– စာရေးဆရာ၏ ဆန့်ကျင်ဘက်များအသုံးပြုပုံနှင့် ထိရောက်မှုတို့ကို ဆွေးနွေးပါ။

– မည်သည့်နည်းများဖြင့် စာရေးသူက စာဖတ်သူများ၏ စိတ်ဝင်စားမှုကို ဆွဲကိုင်ထားနိုင်သနည်း။